ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၅.၈၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၂၆-၁၀-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ SDG 5 အမျိုးသားအဆင့် ညီလာခံ တက်ရောက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေး။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ စာမေးပွဲဖြေဆိုရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ မန္တလေးမြို့တွင် နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ အခမ်းအနား တက်ရောက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ SDG 5 အမျိုးသားအဆင့် ညီလာခံတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၎င်းအတိုင်း။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊

ဌင်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်းနှင့် ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၃၆)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၅၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၅၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လျှုဒါန်းရန် တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် စုပေါင်းကူညီလှူဒါန်းကြဖို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းဖို့ သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် လှူဒါန်းရန် တင်ပြခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့ ပေ(၁၁၀၀)အရှည်ရှိ ကမ်းနားလမ်း မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဒွေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့ ပေ(၁၁၀၀)အရှည်ရှိ ကမ်းနားလမ်း မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဒွေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ ပလက်ဝမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်အတွင်း လူဦးရေအထူထပ်ဆုံးမြို့နယ်တစ်ခု ဖြစ်ပါတယ်။ နှစ်ပေါင်း(၁၄၀)တိုင်တိုင်ရှိခဲ့သော မြို့နယ်ဖြစ်ပေမယ့် မြို့၏စည်ကားတိုးတက်မှုသည် နှေးကွေးနေဆဲပင် ဖြစ်ပါတယ်။ မြို့ပေါ်(၃)ရပ်ကွက်ရှိပြီး မြို့ပေါ်လူဦးရေ (၇၀၀၀)နီးပါးခန့် နေထိုင်လျက်ရှိပါတယ်။

အခု တောင်းဆိုတင်ပြထားသော ကမ်းနားလမ်းသည် ကုလားတန်မြစ်၏ အနောက်ဘက် မြို့၏အရှေ့မျက်နှာစာတွင် ဖောက်လုပ်ထားပါတယ်။ မိုးရာသီ ရေကြီးချိန်တွင် ကမ်းပြိုမှုများ နှစ်စဉ် နှစ်တိုင်း ကြုံတွေ့နေရဆဲပင် ဖြစ်ပါတယ်။ မြေထိန်းနံရံ ဆောက်လုပ်ရန် အရေးကြီး လိုအပ်နေပါတယ်။ ဒီနှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပေ(၇၀၀)အတွက် ဆောင်ရွက်ရန် လျာထားကြောင်း ကြားသိရပါတယ်။ သို့ပါသော်လည်း ကျန်ရှိနေသော အပိုင်းများကိုလည်း နောင်နှစ်တွေမှာ ဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါ ကမ်းနားလမ်းသည် မြေသားလမ်းဖြစ်သည့် အတွက် မိုးရာသီတွင် မြေတိုက်စားခြင်း၊ မြေကျွံခြင်း၊ အက်ကွဲခြင်းများ မကြာခဏ ဖြစ်ပေါ်နေပြီး ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်လျက်ရှိပါတယ်။ မြို့၏မျက်နှာစာ ကမ်းနားလမ်းလည်း ဖြစ်သလို ခရီးသွားပြည်သူများ နေ့စဉ်ရက်ဆက် ဖြတ်သန်းသွားလာနေသော လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ မြို့နယ်အဆင့် စံချိန်စံညွှန်းနဲ့အညီ မြို့သာယာလှပရေး လမ်း၊ တံတားကောင်းမွန်ရေးအတွက် အထူး ဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါက တော့ လွန်ခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နဲ့ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါ ၂၀၁၆ ခုနှစ်က ရေကြီးမှု ကြုံရတာ ဖြစ်ပါတယ်။ ဒါကတော့ ရေကြီးမှုကြောင့် ကျွန်တော်တို့ မြေသားလမ်း ပြိုကျတာ ဖြစ်ပါတယ်။ ဒါကတော့ မြစ်ရေကြီးမှုကြောင့် ကျွန်တော်တို့ ကမ်းနားလမ်း တံတားဦး မြေပြိုကျခြင်း ဖြစ်ပါတယ်။ ဒါကတော့ ရေကြီးမှုကြောင့် ကျွန်တော်တို့ ကမ်းနားလမ်း ဒါအကုန်လုံး ပြိုတာဖြစ်ပါတယ်။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အခု တင်ပြထားတဲ့ ပုံပါအတိုင်း အမှန်တကယ် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်ဟု သုံးသပ်ရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ချင်းပြည်နယ်၊ ပလက်ဝမြို့ ပေ(၁၁၀၀)အရှည်ရှိ ကမ်းနားလမ်း မြေထိန်းနံရံတွင် ကွန်ကရစ်လမ်းခင်းပေးခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ဆောင်ရွက်ပေးပါရန်နှင့် တကယ်လို့များ ဖြည့်စွက်ရန်ပုံငွေတွင် ပါဝင်နိုင်ခြင်းမရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတောင်းခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ပလက်ဝမြို့ ကမ်းနားလမ်း မြေထိန်းနံရံ မြင်ကွင်းပုံ (၄)



မြေသားလမ်း ပြိုကျခြင်း မြင်ကွင်းပုံ (၄-၁)



မြစ်ရေကြီးမှုကြောင့် မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းရန် လိုအပ်ခြင်း မြင်ကွင်းပုံ (၄-၂)



**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ မုခနီးကျေးရွာမှ ကွမ်လမိုင်းကျေးရွာအထိ ဆက်သွယ်ထားသည့်လမ်းကို ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ မုခနီးကျေးရွာမှ ကွမ်လမိုင်းကျေးရွာအထိ ဆက်သွယ်ထားသည့်လမ်းကို ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**


**ဦးလင်းတင်ဋ္ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဋ္ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် အကြောင်းအရာကတော့ ချောင်းဆုံမြို့နယ်အတွင်း မုခနီးကျေးရွာနှင့် ကွမ်လမိုင်းကျေးရွာကို ဆက်သွယ်ထားတဲ့လမ်းအပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်ဟာ စတုရန်းမိုင်အားဖြင့် (၂၅၄)မိုင် ကျယ်ဝန်းပြီး အရှေ့နဲ့အနောက် (၁၀)မိုင် (၂)ဖာလုံ ရှိပါတယ်။ တောင်နဲ့မြောက်ကတော့ (၁၉)မိုင် (၄)ဖာလုံဖြင့် ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်မြို့နယ်လေးပဲ ဖြစ်ပါတယ်။ အဆိုပါမြို့နယ်ဟာ ဗိုလ်ချုပ်အောင်ဆန်းတံတား ဆက်သွယ်ပြီးတဲ့နောက်ပိုင်းမှာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့နယ်တစ်မြို့နယ်ဖြစ်သလို ကျေးရွာချင်းဆက်လမ်းပိုင်းတွေဟာလည်း အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အရမ်းကို လိုအပ်နေတဲ့ မြို့နယ်တစ်မြို့နယ်လေးပဲ ဖြစ်ပါတယ်။ ယခု ကျွန်တော် တင်ပြပါလမ်းပိုင်းဟာ ချောင်းဆုံမြို့နယ်ရဲ့ အရှေ့အရပ်နဲ့ အနောက်အရပ်ကို ဆက်သွယ်ထားတဲ့ လမ်းပိုင်းတစ်နေရာပဲ ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းဟာ (၂)မိုင်ဝန်းကျင်ခန့် တည်ရှိပြီး (၄)ဖာလုံလောက်မှာ လူထုဗဟိုပြုစီမံကိန်းဖြင့် ဖောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့လမ်းပိုင်းကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ အဆိုပါလမ်းပိုင်းကို ထင်ရှားစွာပြသနိုင်ရေးအတွက် Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အဆိုပါမြေပုံကတော့ ချောင်းဆုံမြို့နယ် အခြေပြမြေပုံလေးပဲ ဖြစ်ပါတယ်။ အနီရောင်ဖြင့် ခြယ်သထားတဲ့ လမ်းပိုင်းကတော့ အဓိက Main လမ်းမကြီးတွေပဲ ဖြစ်ပါတယ်။


ယခု အနီရောင်ဖြင့် ခြယ်သထားတဲ့ လမ်းပိုင်းကတော့ မော်လမြိုင်မြို့နယ်ကို ဆက်သွယ်ထားသည့် ဘီလူးကျွန်းတံတားကို သွားသည့်လမ်းပိုင်းပဲ ဖြစ်ပါတယ်။ ပုံမှာ အနီရောင်ဖြင့် ဆက်သွယ်ထားတဲ့ လမ်းပိုင်းကတော့ ကျွန်တော်မေးမြန်းမယ့် မုခနီး-ကွမ်လမိုင်း ကျေးရွာချင်းဆက်လမ်းပိုင်းပဲ ဖြစ်ပါတယ်။ ဤလမ်းပိုင်းတွေကတော့ ကျွန်တော် မေးမြန်းမယ့် လမ်းအစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ယခုလို ပျက်စီးနေတဲ့ ကျေးရွာချင်းဆက်လမ်းများကို သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဆောင်ရွက်ပေးရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တာက ချောင်းဆုံမြို့နယ်အတွင်းရှိ မုခနီးကျေးရွာနှင့် ကွမ်လမိုင်းကျေးရွာဆက်လမ်းကို နိုင်လွန်ကတ္တရာအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ချောင်းဆုံမြို့နယ် မြင်ကွင်းပုံ (၃)




ချောင်းဆုံမြို့နယ် မြင်ကွင်းပုံ (၃-၁)



မုခနီးကျေးရွာမှ ကွမ်လမိုင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပိုင်းတစ်နေရာ မြင်ကွင်းပုံ (၃-၂)



**မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်းကို B.O.T စနစ်ဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်(၄၀)စာချုပ်ဖြင့် လုပ်ငန်းရယူလုပ်ကိုင်နေသော ''အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်''သည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အပေါ်ယံပြင်ဆင်မှုများသာ ပြုလုပ်၍ အကျိုးအမြတ် ရယူနေခြင်းကို စစ်ဆေးလမ်းညွှန်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်းကို B.O.T စနစ်ဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်(၄၀)စာချုပ်ဖြင့် လုပ်ငန်းရယူလုပ်ကိုင်နေသော "အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်"သည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အပေါ်ယံပြင်ဆင်မှုများသာ ပြုလုပ်၍ အကျိုးအမြတ် ရယူနေခြင်းကို စစ်ဆေးလမ်းညွှန်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မော်လမြိုင်-ဈေးချိုအပိုင်း-မုဒုံ-သံဖြူဇရပ်လမ်းအပိုင်းကို ဖောက်လုပ်ပြင်ဆင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ပြုလုပ်ဖို့အတွက် အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကို

ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနက B.O.T စနစ်နဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းအပ်နှံထားပါတယ်။ စာချုပ်ရဲ့ သက်တမ်းက အနှစ်(၄၀)ဖြစ်ပါတယ်ရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ရှင်။ စာချုပ်စည်းကမ်းအရဆိုရင် ကျွန်မတို့ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုတဲ့သူကနေပြီးတော့ စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးစီးမယ် ဆိုလို့ရှိရင် ကျွန်မတို့ ဒီလုပ်ငန်းလုပ်ကိုင်ခွင့်ရတဲ့သူကို လမ်းအသုံးပြုခကောက်ခံခွင့်ကို ကျွန်မတို့ ပေးထားပါတယ်။

ဒါပေမယ့်လို့ အေးကိုမိသားစုက ၂၀၁၂ ခုနှစ်လောက်ကတည်းက လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်တွေ ဆောက်ပြီးတော့ လမ်း၊ တံတား အသုံးပြုခနှုန်းထားတွေကို ကောက်ခံရယူနေတာက ယနေ့အထိပဲ ဖြစ်ပါတယ်။ လမ်းပိုင်းကိုတော့ အပေါ်ယံပြုပြင်မှုသာ ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လမ်းဟာ ချိုင့်ခွက်တွေနဲ့ ဆိုးဆိုးဝါးဝါး ပျက်စီးနေပေမယ့် အချိန်မီပြုပြင်မှုတွေ မရှိတဲ့အတွက်ကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားနေပြီးတော့ ပြည်သူတွေ အသက်သေဆုံးတဲ့အထိ ကြုံတွေ့ခံစားနေရပါတယ်ရှင်။ ဟုတ်ကဲ့။ ပျက်စီးနေတဲ့လမ်းပိုင်းကို ပြန်လည်ပြုပြင်တဲ့အခါမှာလည်း ပြည်သူများအခေါ် ဆီးယိုကပ်ခြင်းအားဖြင့် ယာယီပြင်ဆင်မှုတွေသာ ပြုလုပ်နေကြတာဆိုတာကို ယခု မိုးတွင်း လမ်းပျက်စီးမှုများတဲ့အတွက် ပြည်နယ်အစိုးရကို တင်ပြတဲ့အချိန်မှာ အခု ပုံမှာပြထားတဲ့ အတိုင်း ဆီးယိုကပ်ပြီး လမ်းချိုင့်ခွက်တွေကို ဖာထေးပြုပြင်မှုတွေ ပြုလုပ်နေတယ်ဆိုတာကို တွေ့မြင် ရမှာ ဖြစ်ပါတယ်။

သံဖြူဇရပ်ကနေ မော်လမြိုင်အထိ တစ်နေ့ကို ယာဉ်အစီးရေပေါင်း(၆၀၀၀)ကျော် ဖြတ်သန်း သွားလာမှု ရှိတယ်ဆိုတာကို ကျွန်မတို့ ပါတီဝင်တွေကိုယ်တိုင် မနက် ၆း၀၀ နာရီကနေ ည ၁၀း၀၀ နာရီ အထိ စာရင်းကောက်ယူရာကနေ သိရှိရပါတယ်။ စည်းကမ်းချက် အပိုဒ် ၃(ဍ) အရဆိုရင် ပျမ်းမျှ တစ်နေ့ ယာဉ်အစီး(၂၀၀၀)ကျော် သွားတဲ့အချိန်မှာ ကတ္တရာကွန်ကရစ်လမ်း တည်ဆောက်ပေးရမှာ ဖြစ်ပြီး၊ ပျမ်းမျှယာဉ်အစီးရေ(၂၀၀၀)ထက် ပိုမိုကျော်လွန်သွားပြီး နှစ်လမ်းသွားနဲ့ မလုံလောက်ဘူးဆိုရင် လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်း တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ “အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်”အနေနဲ့ ယနေ့အချိန်ထိ သံဖြူဇရပ်-မော်လမြိုင်လမ်းပိုင်းဟာ နှစ်လမ်းသွား ရိုးရိုးကတ္တရာလမ်း အနေအထားမျှသာ ပြုလုပ်ရပါ သေးတယ်။ ဒါကြောင့်မို့လို့ အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နဲ့ တစ်ပြိုင်တည်း နီးပါး မော်လမြိုင်-ရန်ကုန်လမ်းပိုင်း တာဝန်ယူဆောင်ရွက်နေတဲ့ ရွှေသံလွင်ကုမ္ပဏီကတော့ အဆင့်မီ နိုင်လွန်ကတ္တရာလမ်းကြီးတွေ ဖောက်လုပ်နေတဲ့အချိန်မှာ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်းဟာ မူလလမ်းထက် ပိုမိုတိုးတက်လာမှု မရှိခြင်းအပေါ်မှာ ပြည်သူတွေကနေပြီးတော့ စိတ်ပျက်နေတဲ့ အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လို စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမယ်ဆိုတာကို ရှင်းလင်းစွာသိရှိလိုတဲ့အတွက် ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်း လက်ရှိအနေအထား မြင်ကွင်းပုံ (ပ)



လမ်းများမှာ ချိုင့်ခွက်များဖြင့် ဆိုးဆိုးဝါးဝါးပျက်စီးနေသော်လည်း အချိန်မီပြုပြင်မှုများ မပြုလုပ်သေးသဖြင့် နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများဖြစ်ပွားလျှက်ရှိပြီး၊ ပြည်သူများအသက်ဆုံးသည်အထိ ကြုံတွေ့ခံစားနေရခြင်း မြင်ကွင်းပုံ (ပ-၁)



သံဖြူဇရပ်-မုဒုံ-မော်လမြိုင်လမ်း ပျက်စီးမှု မြင်ကွင်းပုံ (ပ-၂)



**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးတင်း မှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့ ပေ(၁၁၀၀)အရှည်ရှိတဲ့ ကမ်းနားလမ်း မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့ ကမ်းနားလမ်း မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ချင်းပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆိပ်ကမ်းမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ပထမအဆင့် ပေ(၆၀၀) အတွက် ခွင့်ပြုရန်ပုံငွေကျပ်(၁၅၀)သန်းနှင့် ကမ်းနားလမ်း

မြေထိန်းနံရံပြုလုပ်ခြင်း (၁၄၀)ပေအတွက် ခွင့်ပြုရန်ပုံငွေကျပ်(၃၀)သန်းဖြင့် စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကွန်ကရစ်လမ်းခင်းခြင်းကိုတော့

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်းမရှိသေးပါဘူးခင်ဗျား။ စုစုပေါင်း ဆောင်ရွက်ရမယ့် ဆိပ်ကမ်းမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အရှည်က (၂၂၀၀)ပေဖြစ်ပြီးတော့ ယခုနှစ်မှာ ပေ(၆၀၀) စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ပေ(၁၆၀၀)ကို လာမယ့်ဘဏ္ဍာရေးနှစ်များမှာ ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး မှ မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ မုခနီးကျေးရွာမှ ကွမ်လမိုင်းကျေးရွာအထိ ဆက်သွယ်ထားတဲ့လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုခနီး-ကွမ်လမိုင်း ကျေးရွာချင်းဆက်လမ်း (ပိုင်ကဒါးရှမ်းစု-သင်္ကောလမ်း)သည် အရှည်(၂)မိုင်ရှိပြီးတော့ ချောင်းဆုံမြို့နယ် ရှိ အရှေ့နှင့်အနောက် လမ်းမကြီးနှစ်သွယ်ကို ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက် ကျောက်ချော လမ်းဖြစ်ပါတယ်။ ၎င်းလမ်း၏ အခြေအနေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းဖြင့် မုခနီးမှ ပိုင်ကဒါးကုလားစုအထိ အရှည်(၄)ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ပိုင်ကဒါးကုလားစုမှ ကွမ်လမိုင်းကျေးရွာအထိ အရှည်(၁)မိုင် (၄)ဖာလုံအား ကတ္တရာ လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော ချောင်းဆုံမြို့နယ်၊ မုခနီး-ကွမ်လမိုင်း ကျေးရွာချင်းဆက်လမ်း(ပိုင်ကဒါးရှမ်းစု-သင်္ကောလမ်း)သည် ဘီလူးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍သော်လည်းကောင်း၊ လမ်းအဆင့်သတ်မှတ်ချက် Class(A)မှာ ပါဝင်တဲ့ လမ်းဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ နောက် တစ်ခုက သူ့ရဲ့လမ်းပိုင်းမှာလည်း (၁)မိုင် (၄)ဖာလုံ အတိုလေးပဲ ကျန်တော့တဲ့အတွက်လည်းကောင်း ကျွန်တော်တို့ ဒီလာမယ့်ဘဏ္ဍာနှစ်မှာ ရန်ပုံငွေထည့်သွင်းပြီးတော့ကျမှ၊ ရန်ပုံငွေရရှိမှုအပေါ် မူတည် ပြီးတော့ကျမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် မှ မေးမြန်းထားတဲ့ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်းကို B.O.T စနစ်ဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်(၄၀)စာချုပ်ဖြင့် လုပ်ငန်းရယူလုပ်ကိုင်နေတဲ့ "အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်" သည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အပေါ်ယံပြင်ဆင်မှုများသာ ပြုလုပ်၍

အကျိုးအမြတ်ရယူနေခြင်းကို စစ်ဆေးလမ်းညွှန်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်အတွင်းရှိ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၏ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်အပိုင်း မိုင်တိုင်(၂/၆)မှ (၃၉/၆)အထိ (၃၇)မိုင်အား "အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်"သို့ ၁၆-၃-၂၀၁၀ ရက်နေ့မှစတင်၍ B.O.T စနစ်ဖြင့်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၇-၁၂-၂၀၁၁ ရက်နေ့တွင် B.O.T ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ အဆိုပါလမ်းပိုင်းအား ကုမ္ပဏီမှ (၂၄)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီး၍ B.O.T နှုန်းဖြင့် လမ်းအသုံးပြုခကောက်ခံခွင့်အား ၁-၄-၂၀၁၂ ရက်နေ့မှာ စတင်ခွင့်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်အလက်နဲ့ ပတ်သက်ပြီးတော့ လက်ရှိအခြေအနေများနှင့် ဆက်စပ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ "အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်" အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများသည် လွန်စွာအားနည်းကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ၈-၈-၂၀၁၇ ရက်နေ့မှာ ကုမ္ပဏီကို သတိပေးစာ လမ်းဦးစီးဌာနကနေပြီးတော့ ကုမ္ပဏီကို သတိပေးစာထုတ်ပြန်ခဲ့ပါတယ်။ ၎င်းအပြင် ကရင်လက်နက်ကိုင်တပ်ဖွဲ့များ၏ ဒေသဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးကော်မတီမှလည်း လမ်းလုပ်ငန်းများဆောက်ရွက်ချက်အားနည်းမှုအပေါ် အရေးယူဆောင်ရွက်ပေးရန် ၁၇-၈-၂၀၁၇ ရက်စွဲပါစာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြလာခဲ့တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၁၈-၈-၂၀၁၇ ရက်နေ့မှာ ကုမ္ပဏီမှတာဝန်ရှိသူတွေကို ခေါ်ယူတွေ့ဆုံပြီးတော့ အဲဒီနေ့မှာပဲ နောက်ဆုံးအကြိမ် သတိပေးစာထပ်မံပြီး ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလိုထုတ်ပြန်ချက်အရ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။

(က) မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်း (၃၇)မိုင်အနက် မိုင်တိုင်(၈/၀) မှ (၁၄/၀)၊ (၁၉/၀) မှ (၂၇/၀)၊ (၃၂/၆) မှ (၃၅/၆)၊ (၃၆/၆) မှ (၃၉/၆)အထိ စုစုပေါင်းမိုင်(၂၀)အား (၂၄)ပေအကျယ် A.C လမ်းခင်းခြင်းကို ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ အပြီးဆောင်ရွက်သွားပါမည်။ (ခ) မိုင်တိုင် (၂/၆) မှ (၈/၀)၊ (၁၄/၀) မှ (၁၉/၀)၊ (၂၇/၀) မှ (၃၂/၆)၊ (၃၅/၆) မှ (၃၆/၆)အထိ စုစုပေါင်း(၁၇)မိုင်အား (၂၄)ပေအကျယ် A.C လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အပြီးဆောင်ရွက်သွားပါမည်။ ဝန်ခံကတိပြုသည့်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ရင်းနှီးမြှုပ်နှံငွေများအပေါ် တစ်စုံတစ်ရာတောင်းခံမှုမပြုလုပ်ဘဲ လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံပါမည် ဆိုပြီးတော့ ဝန်ခံကတိပြုခဲ့ပါတယ်။ "အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်"အနေဖြင့် ဝန်ခံကတိပြုထားတဲ့အချက်များအတိုင်း သတ်မှတ်ထားတဲ့ကာလအတွင်း အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းကို ပြန်လည်သိမ်းယူသည်အထိ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ "အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်"မှ ကတိကဝတ်ပြုခဲ့သည့်အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိစစ်ကြပ်မတ်ဆောင်ရွက်ခဲ့တဲ့အတွက်

ကုမ္ပဏီအနေဖြင့် ယခုနှစ်မိုးတွင်းမှာ မိုင်တိုင်(၂/၆) မှ (၃၉/၆)အတွင်း ဖြစ်ပေါ်ခဲ့တဲ့လမ်းမျက်နှာပြင် ပျက်စီးမှုများကို ကြိုတင်ရောကျောက်ကတ္တရာ(Premix) ရေရောကတ္တရာများ၊ လမ်းပေါက်များဖာထေး ပြုပြင်ခြင်းနှင့် ပြေပြစ်ချောမွေ့မှုမရှိတဲ့ အချို့နေရာများကို ၂၃-၈-၂၀၁၇ ရက်နေ့ကစပြီး A.C လမ်းမျက်နှာပြင် ဖြေညှိခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပြီးတော့ A.C ခင်းခြင်းစီမံချက်ကို ၁၂-၁၀-၂၀၁၇ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာမှာ ယနေ့အထိ မိုင်တိုင်(၉/၁) မှ (၉/၇)အထိ (၆)ဖာလုံ စတင် ပြီးစီးလာပြီဖြစ်ပါတယ်။ AADT စာရင်းအရ လမ်းဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ကောက်ယူထားသောစာရင်းအရ မော်လမြိုင်(ကြာအင်း)ဂိတ်၌ (၃၆၄၅)စီးနဲ့ သံဖြူဇရပ်ဂိတ်၌ (၉၃၇)စီးတို့ဖြစ်နေတဲ့အတွက် အဆိုပါစီမံချက်အတိုင်း (၂၄)ပေအကျယ် A.C ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက AADT(၂၀၀၀)ကျော်နေတဲ့ မော်လမြိုင်-မုဒုံအပိုင်းကို (၄၈)ပေအကျယ် ကတ္တရာလမ်းချဲ့ရေးစီမံချက်ကို ဆက်လက်ရေးဆွဲ ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ “အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်” မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မော်လမြိုင်-မုဒုံ-သံဖြူဇရပ်လမ်းပိုင်း (၃၇)မိုင်အား ချောမွေ့စွာ အသုံးပြုသွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက် မပြတ်ဆောင်ရွက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တွန်းအားပေးကြပ်မတ် လျက်ရှိပြီးတော့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်နှင့်အညီ စစ်ဆေးလမ်းညွှန် ဆောင်ရွက်စေလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။**          ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။**          ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။**          ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း

ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အဆိုပြုထားတဲ့ ဥပဒေကြမ်း အပိုဒ် ၂(ဌ) ကို ဆွေးနွေးလိုပါတယ်။ ဒီ (ဌ) မှာ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး (၃)ခုရှိနေရာမှာ ဒီဥပဒေအရဆိုရင် လွှတ်တော်အဖွဲ့ရုံးဆိုတာ နောက်ထပ် (၁)ရုံးပေါ်ပေါက်လာမှာကို တွေ့ရှိရပါတယ်။ နောက်ပြီးတော့ အပိုဒ် ၃(ဂ)မှာ နိုင်ငံတကာဥပဒေပြု အဖွဲ့အစည်းများ၊ အရည်အချင်းတူညီသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ အစိုးရ အချင်းချင်း အဖွဲ့အစည်းများဆိုရာမှာ ဒီ နိုင်ငံတကာအစိုးရအချင်းချင်းကို ဆိုလိုတာ ဖြစ်ပါတယ်။ ဆိုတော့ ဒီအစိုးရအချင်းချင်းနဲ့ ဆက်သွယ်ပြီးလုပ်တဲ့ကိစ္စဟာလည်း အမှန်ဆိုရင် ဒါက အစိုးရအဖွဲ့တွေရဲ့ လုပ်ငန်းသာဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်နဲ့ သိပ်မဆိုင်ဘူးလို့ ထင်ပါတယ်။

နောက်ပြီး ဒီအဆိုပြုထားတဲ့ ဥပဒေကြမ်းအပိုဒ် ၈(ခ)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များနဲ့ ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းလို့ ပါရှိပါတယ်။ ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များ ဆိုတာကလည်း တော်တော် ကျယ်ပြန့်တဲ့အရာတွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နောက် ဒီဥပဒေကြမ်းအပိုဒ် ၈(ဂ)မှာ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွှယ်အကျုံးဝင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေး ဆုံးဖြတ်ခြင်းလို့ ဖော်ပြထားပါတယ်။ ဒါကလည်း တော်တော်ကျယ်ပြန့်တဲ့ကိစ္စ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဇယား(၂)မှာဆိုရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအတွက် ဥပဒေ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံနဲ့ တိတိကျကျပြဋ္ဌာန်းထားတာ ဒီအာဏာတွေကို မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ကသာ ရရှိထားလို့ကတော့ ပြဿနာအများကြီးရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ လုပ်ပိုင်ခွင့်ကိုလည်း လွှမ်းမိုးစွက်ဖက်လာရာ ကျပါတယ်။ စိုက်ပျိုးရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေမှာ ဆိုရင် ဇယား (၁) နဲ့ (၂) ဟာ ဆက်စပ်နေတယ်။ Concurrent ဖြစ်နေတာတွေ ရှိပါတယ်။ ဒီဥပဒေက ဝင်ရောက်စွက်ဖက်လို့ ပြဿနာဖြစ်ရင် ဒီကိစ္စတွေဟာ ဖွဲ့စည်းပုံအခြေခံခုံရုံးကို မကြာခဏ သွားရောက် ပြီးတော့ ဖြေရှင်းရမယ့်ကိန်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဥပဒေကြမ်းကို ခြုံငုံပြီးလည်း ဆွေးနွေးလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် စုစုပေါင်း(၁၄)ခုရှိပါတယ်။ ဒီလွှတ်တော်(၁၄)ခုနဲ့ ဒီ ပြည်ထောင်စု လွှတ်တော်(၃)ခုနဲ့ဆိုရင် စုစုပေါင်း(၁၇)ခုဟာ သူ့ဟာနဲ့သူ သီးခြားဥပဒေပြုခွင့်စီရှိတာ ဖြစ်ပါတယ်။ ညှိနှိုင်းဖို့လိုတယ်ဆိုရင်လည်း ညှိနှိုင်းရမယ်လို့ အတိအကျပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဥပမာအားဖြင့် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ညှိနှိုင်းရန်လိုအပ်ပါက ပုဒ်မ ၁၁၆၊ ၁၁၇၊ ၁၄၈၊ ၁၄၉ စသည်ဖြင့် ပုဒ်မတွေနဲ့ အတိအကျပါရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် လွှတ်တော်တွေဟာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေနဲ့ ညှိနှိုင်းပေါင်းစပ်ရမယ်လို့ ပြဋ္ဌာန်းထားတာမရှိပါဘူး။

တစ်နည်းဆိုရင် လွှတ်တော်အသီးသီးဟာ တစ်ခုနဲ့တစ်ခု ဘေးတိုက်ဆက်ဆံရေးသာရှိပါတယ်။ Vertical အထက်၊ အောက် ဆက်ဆံရေးမရှိပါဘူး။ နိုင်ငံရေးအရဆိုရင်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သွားနေတာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော်တွေနဲ့ အစိုးရအဖွဲ့တွေကို ဖက်ဒရယ်ပုံစံဝင်အောင်လုပ်ထားတာရှိပါတယ်။ လက်တွေ့ပိုင်းမှာ ဖက်ဒရယ်အဆင့်ကိုထားပြီးတော့ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Decentralization) ကိုတောင်မှ ပီပီပြင်ပြင် မလုပ်နိုင်သေးတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ဒီအထဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို အာဏာပိုပေးဖို့လိုတဲ့ကိစ္စမှာ အခု ဒီဥပဒေက ပြောင်းပြန် လုပ်ပြီးတော့ အာဏာလျှော့ဖို့ ကြိုးစားနေသလိုရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးတွေကို ပေးထားတဲ့အာဏာက နည်းနည်းလေး ဖြစ်ပါတယ်။ အဲဒါကို ဇယား(၂)မှာ ဖော်ပြထားပါတယ်။ ပြည်ထောင်စုကို ပေးထားတဲ့ဥပဒေက ဇယား(၁)မှာ ဖော်ပြထားပါတယ်။ ဒီဥပဒေကြမ်းကို ဗဟိုက တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ ဒီ နည်းနည်းလေးရှိတဲ့အာဏာကို ချုပ်ကိုင်ဖို့ကြိုးစားတာလို့ တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံနဲ့ ဒီဥပဒေဟာ အဲဒါကြောင့် ကိုက်ညီမှုမရှိပါဘူး။

နေပြည်တော်မှာရှိတဲ့ ပြည်ထောင်စုအဆင့် ပြည်ထောင်စုလွှတ်တော်(၃)ခုဟာ သီးခြားအာဏာတွေ၊ သီးခြားရုံးတွေနဲ့ရှိနေပြီး ညှိနှိုင်းဆောင်ရွက်လာတာ (၆)နှစ်ကျော်ရှိလာပြီ ဖြစ်ပါတယ်။ နောက်ထပ်လည်း ဒီအတိုင်းသွားလို့ရပါတယ်။ ပြည်ထောင်စုမှာရှိတဲ့ လွှတ်တော်တွေဟာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်တွေပေါ်မှာ လွှမ်းမိုးထားပြီးသား ဖြစ်ပါတယ်။ ဒါကို တစ်ခါ ဒီဥပဒေ ပြဋ္ဌာန်းလိုက်လို့ရှိရင် ပြည်ထောင်စုအစိုးရက တစ်နိုင်ငံလုံးအုပ်ချုပ်ရေးအာဏာကို အစိုးရအဆင့်ဆင့် အုပ်ချုပ်ထားသလိုဖြစ်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ရှိပြီးသားဖြစ်တဲ့အတွက်နဲ့ ဒီအသင်းအဖွဲ့ စည်းမျဉ်း၊ ဥပဒေ၊ ညွှန်ကြားချက်နဲ့ သွားလို့ရပြီးသားဖြစ်ရက်နဲ့ ဒီလိုဥပဒေပြုပြီး ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ ဥပဒေပြုအာဏာကို ထိန်းချုပ်ဖို့ ကြိုးစားမယ်ဆိုရင် ဒါဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံနဲ့ မကိုက်ညီတဲ့အတွက် မပြဋ္ဌာန်းသင့်ကြောင်း ကန့်ကွက်ပြီးတော့ ကျွန်တော် ဆွေးနွေးရတာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ခြုံငုံသုံးသပ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေအား ပြင်ဆင်ရန်မသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့ မပြင်ဆင်သင့်ကြောင်းကို ကျိုးကြောင်းဖော်ပြပြီး ဆွေးနွေးသွားပါမယ်။

ပထမအချက်အနေဖြင့် ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်မည်ဟု လက်ရှိကျင်းပနေတဲ့ (၂၁)ရာစု ပင်လုံညီလာခံ ငြိမ်းချမ်းရေးညီလာခံကြီးမှလည်း ဖက်ဒရယ်ဆိုင်ရာ အခြေခံမူဝါဒ(၃၇)ချက်ကို တိုင်းရင်းသားများနဲ့ဆွေးနွေးပြီး အတည်ပြုလက်မှတ်ထိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို သွားမည်ဆိုပါက ဗဟိုချုပ်ကိုင်မှုကို လျှော့ချရမည်ဖြစ်ပြီး ပြည်နယ်များကို လွတ်လပ်စွာ ဥပဒေပြုခွင့်၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ပေးသွားရမည် ဖြစ်ပါတယ်။ အခုဥပဒေက ပြည်နယ်များကို ထိန်းချုပ်မည့် ဥပဒေဖြစ်တယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၇၅(င) တွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကို ခွင့်ပြုပြီးသား ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၁၁(က) (ခ)တို့တွင်လည်း ခက်မသုံးဖြာအာဏာကို တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းထားပါတယ်။ ပုဒ်မ ၁၂(က)မှာလည်း နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းထားသည်ဟု အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ ဒီလိုပြဋ္ဌာန်းထားခြင်းကို ဆန့်ကျင်ပြီး ပြန်လည်ရုပ်သိမ်းမယ်ဆိုတဲ့ ဥပဒေမျိုး ဖြစ်နေတယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

တတိယအချက်အနေဖြင့် ယခုလက်ရှိ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းတွင်ပါဝင်တဲ့ ဒီအချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ၁-၃-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဆိုင်ရာ (MPU) ၏ ဖွဲ့စည်းပုံစည်းမျဉ်းအတိုင်း လုပ်ဆောင်၍ရနိုင်ပါတယ်။ သီးခြားဥပဒေတစ်ခု ပြဋ္ဌာန်းရန် မလိုအပ်တော့ပါ။ ဥပဒေတစ်ခုအနေနဲ့ ပြဋ္ဌာန်းလိုက်ပါက ဥပဒေတွင်ပါဝင်တဲ့ ဥပဒေပုဒ်မများအတိုင်း လုပ်ဆောင်မည်ဆိုပါက ပြည်နယ်လွှတ်တော်များ၊ တိုင်းဒေသကြီးလွှတ်တော်များကို လုံးဝထိန်းချုပ်ရာရောက်နေပြီး၊ လွတ်လပ်စွာ ဥပဒေပြုခွင့်မရှိဖြစ်သွားမည်ဖြစ်ပြီး ကျွန်တော်တို့ လွှတ်တော်အဖွဲ့က ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ရမလို ဖြစ်နေပါတယ်။

နိဂုံးချုပ်အနေဖြင့် လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ကျွန်တော် တင်ပြဆွေးနွေးချက်များအရဆိုလျှင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း ကိုက်ညီမှုမရှိဘဲ ပြည်ထောင်စုလွှတ်တော်မှ တိုင်းဒေသကြီး/ပြည်နယ်များကို ထိန်းချုပ်ရာရောက်စေနိုင်တဲ့ ဥပဒေအား ပြဋ္ဌာန်းရန်မသင့်ကြောင်း ဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြီးတော့ ပြည်သူ့လွှတ်တော် အတည်ပြုချက်ပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ကျွန်တော် ဆက်ပြီးဆွေးနွေးမှာဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော် အခန်း(၃)၊ ပုဒ်မ ၄ ကို ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပုဒ်မ ၄ အရ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို အောက်ပါအဖွဲ့ဝင်များနှင့် ဖွဲ့စည်းရမည်၊ ဖွဲ့စည်းထားတဲ့နေရာမှာ ကျွန်တော်က ကန့်ကွက်ပြီးတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဆိုပြုပြင်ဆင်ချက်မှာ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်လို့ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒီရေးထုံးအရ ဖွဲ့စည်းပုံအခြေခံ၊ ဒီဖွဲ့စည်းပုံ Body ကို သတ်မှတ်ထားတဲ့ ပုဒ်မဖြစ်တဲ့အတွက် အောက်မှာ ၄(က)၊ (ခ)၊ (ဂ) စသည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများကို သီးခြားဖွဲ့ပြီးတဲ့ Body ဖြစ်တဲ့အတွက် အောက်ပါအတိုင်း ဖွဲ့စည်းရမည် ဆိုတဲ့စကားရပ်သည် ပိုပြီးတော့သင့်လျော်သော ရေးထုံးဖြစ်တဲ့အတွက် အဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ကြောင်း ဆွေးနွေးပါတယ်။

နောက် နံပါတ်(၂) နောက်တစ်ခုက ကျွန်တော် ပုဒ်မ ၅ ဖြစ်ပါတယ်။ ပုဒ်မ ၅ က ပြည်သူ့လွှတ်တော်အတည်ပြုချက်ကို ကျွန်တော် ပြင်ဆင်ဖြည့်စွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုချက်ကတော့ ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက်ဆိုတဲ့ နေရာမှာ ကျွန်တော် ရာထူးအဆင့်အလျောက် လွှတ်တော်အဖွဲ့၏ ရုံးအဖွဲ့မှူးဖြစ်သည်လို့ ကျွန်တော် ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက် ပုဒ်မ ၇(င) ကို ကျွန်တော် ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ပုဒ်မ ၇(င)မှာ ပြည်သူ့လွှတ်တော် အတည်ပြုချက်က အကယ်၍ အစည်းအဝေးအထမြောက်ခြင်း မရှိလျှင် ဆိုတဲ့နေရာမှာ အကယ်၍ အစည်းအဝေးမထမြောက်လျှင်လို့ ကျွန်တော် ဒါကို အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၈(က)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၂၈(က) ပြည်ထောင်စုလွှတ်တော်ဥပဒေ ပုဒ်မ ၁၉ မှာ အစည်းအဝေးမထမြောက်လျှင်လို့ပဲ ကျွန်တော်တို့ ရေးထုံး၌ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် အစည်းအဝေးအထမြောက်ခြင်း မရှိလျှင် ဆိုတဲ့စကားရပ်အစား အစည်းအဝေးမထမြောက်လျှင် ဆိုသောစကားရပ်ကို ကျွန်တော် အဆိုပြုချက်

အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ နောက် ကျွန်တော် ပုဒ်မ ၈(ဃ) ဖြစ်ပါတယ်။ ၈(ဃ) ကတော့ အမျိုးသားလွှတ်တော် ပြင်ဆင်ချက်ကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ၊ ညီလာခံများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း ဆိုတဲ့ ကျွန်တော် ပြဋ္ဌာန်းချက်ကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါဟာ ပိုမိုပြည့်စုံသောကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကန့်ကွက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော် ထောက်ခံပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော် ပုဒ်မ ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၅ က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကတော့ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းရမည့်အပြင် ဆိုတဲ့နေရာမှာ ကျွန်တော် ပြဋ္ဌာန်းပြီး သက်ဆိုင်ရာ လွှတ်တော်များသို့ ပေးပို့ရမည်လို့ ပြင်ဆင်ဆွေးနွေးမှာဖြစ်တဲ့အတွက် ကျွန်တော် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကန့်ကွက်ပြီးတော့ အဆိုပြုပြဋ္ဌာန်းချက်မှာ ပါဝင်တဲ့ အခု ကျွန်တော် ဖြည့်စွက်ချက်ကို အတည်ပြုသင့်ကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဆွေးနွေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ မြန်မာနိုင်ငံလွှတ်တော်ဥပဒေကြမ်းကို ပြဋ္ဌာန်းဖို့ လုံးဝမလိုအပ်ပါဘူး။ ပြဋ္ဌာန်းဖို့လည်း လုံးဝမသင့်ပါဘူး။ ဘာကြောင့် ပြဋ္ဌာန်းဖို့ မလိုအပ်ဘူးလဲဆိုတာ ဦးစွာပထမ ဆွေးနွေးတင်ပြပါမယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁ တို့အရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုပြီး လွှတ်တော်အသီးသီး ရှိကြပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာလည်း ဥပဒေပြုရေးအတွက် လွှတ်တော်ဥပဒေ၊ နည်းဥပဒေတို့ ရှိကြပါတယ်။ ထိုနည်းတူစွာပဲ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့မှာလည်း ဥပဒေပြုရေးအတွက် ဥပဒေ၊ နည်းဥပဒေတို့ အသီးသီးရှိကြပါတယ်။ ဒီလိုလွှတ်တော်တစ်ရပ်စီအတွက် ဥပဒေ၊ နည်းဥပဒေတို့ ရှိနေပါလျက်နဲ့ နောက်ထပ် လွှတ်တော်နဲ့ဆိုင်တဲ့ ဥပဒေလိုသေးလား။ ကျွန်တော်တို့ စဉ်းစားကြရမှာ ဖြစ်ပါတယ်။

နောက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) ဆိုတာလည်း ရှိနေပါတယ်။ ဖွဲ့စည်းပုံစည်းမျဉ်းလည်းရှိပြီးသား ဖြစ်ပါတယ်။ လွှတ်တော်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်စရာရှိရင်လည်း အဖွဲ့၏စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လို့ ရပါတယ်။ ညှိနှိုင်းဆောင်ရွက်သွားလို့ရပါတယ်။ ပထမအကြိမ် လွှတ်တော်တုန်းကလည်း ဒီလိုပဲ ညှိနှိုင်း ဆောင်ရွက်ခဲ့ကြလို့ အဆင်ပြေနေခဲ့ကြတာပဲ မဟုတ်လား။ အဲ တစ်ခုတော့ရှိပါတယ်။ ပြည်ထောင်စု လွှတ်တော်က ထိန်းချုပ်ချင်လို့တော့ မရပါဘူး။ အခု ပြည်ထောင်စုလွှတ်တော်က ပြည်နယ်လွှတ်တော် တွေကို ထိန်းချုပ်ချင်တာကြောင့် ဒီဥပဒေကိုပြဋ္ဌာန်းဖို့ ကြိုးစားခြင်းမှတစ်ပါး အခြားမဖြစ်နိုင်လို့ မှတ်ယူရပါမယ်။ ကျွန်တော်တော့ လက်မခံနိုင်ပါဘူး။ ကန့်ကွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ဘာကြောင့် ပြဋ္ဌာန်းဖို့ မသင့်လဲဆိုတာကို ဆွေးနွေးပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂(က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ပါရှိပါတယ်။ ဒီလို ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ တိကျစွာ ပြဋ္ဌာန်းထားပါလျက်နဲ့ ပြည်ထောင်စုလွှတ်တော်က အထက်စီးဖြင့် နေရာယူဖွဲ့စည်း ထားတဲ့ မြန်မာနိုင်ငံလွှတ်တော်ဥပဒေကြမ်းဟာ အခြေခံဥပဒေ ပုဒ်မ ၁၂(က)ကို ကျော်လွန်ပြီး ရေးဆွဲ ထားတဲ့ ဥပဒေဖြစ်ပါတယ်။

ဒါ့အပြင် အထက်စီးကနေရာယူပြီး ဖွဲ့စည်းထားတာကို ကြည့်ရှုခြင်းအားဖြင့်လည်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကို ထိန်းချုပ်ဖို့ ရည်ရွယ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်နေတဲ့အတွက် ပြီးခဲ့တဲ့ လွှတ်တော် ပထမအကြိမ်လွှတ်တော်သက်တမ်းက ဥပဒေအဖြစ် မပြဋ္ဌာန်းခဲ့ပါဘူး။ ဖွဲ့စည်းပုံစည်းမျဉ်းအဆင့် လောက်နဲ့ပဲ သွားခဲ့ကြပါတယ်။ ဒါဆိုရင် ပြဿနာမရှိပါဘူး။ ညှိနှိုင်းမှုအဆင့်ပဲ ရှိနေပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁(က)အရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ (၃)ရပ်ရှိပါတယ်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့မှာ ဗဟိုချုပ်ကိုင်မှု ရှိပါတယ်။ ဥပဒေပြုရေးအာဏာမှာ ဗဟိုချုပ်ကိုင်မှုမှ လွတ်ကင်းမှုရှိပါတယ်။ လက်တွေ့မှာလည်း လွတ်ကင်း ပါတယ်။ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားသာချက်တစ်ရပ်ပဲ။ တစ်နည်းအားဖြင့် ဖက်ဒရယ်ပုံစံ တန်းဝင်နေပါတယ်။ ဒီလိုဆိုရပါမယ်။ ဒီလိုအနှစ်သာရရှိနေတဲ့ အခြေခံဥပဒေပုဒ်မကို ကျော်လွန်ပြီးတော့ ပြည်ထောင်စုလွှတ်တော်က အာဏာလိုချင်မှုနဲ့ ပြည်နယ်လွှတ်တော်တွေကို ထိန်းချုပ်တော့မှာလား။ ဖက်ဒရယ်စနစ်နဲ့ သွားမယ်လို့ပြောနေတဲ့ အခုလိုအချိန်အခါမျိုးမှာ ဒီလိုဥပဒေမျိုး ပြဋ္ဌာန်းသင့်ပါသလား ဆိုတာ ကျွန်တော်တို့အားလုံး စဉ်းစားကြရပါမယ်။ ဒါကြောင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ပြဋ္ဌာန်းဖို့ လုံးဝမသင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း ဆုတောင်းဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း အပေါ်မှာ ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုတာ လူသားကောင်းကျိုးအတွက် အဓိက ရည်ရွယ်ချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်ဥပဒေဟာ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားများအပါအဝင် လူသားအားလုံးတို့နဲ့ အကျုံးဝင်တဲ့ဥပဒေ ဖြစ်ပါတယ်။ ဘာကို ရည်ရွယ်သလဲဆိုရင် မြန်မာနိုင်ငံမှာရှိခဲ့တဲ့ လွှတ်တော်အရပ်ရပ်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ လူသား အားလုံးကို ကိုယ်စားပြုလို့ပါပဲ။ အားလုံးသိကြတဲ့အတိုင်း တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် ဆိုတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒများနဲ့ ရွေးချယ်ပြီးတော့ ကိုယ်စားလှယ်များဖြစ်လာကြသလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန် ထမ်းဆောင်ကြတဲ့ ကိုယ်စားလှယ်များဟာ မြန်မာနိုင်ငံမှာရှိကြတဲ့ ပြည်သူအားလုံးရဲ့ ကိုယ်စားလှယ် တွေပါပဲ။ အဲဒါကြောင့် အသီးသီးဖွဲ့စည်းထားတဲ့ လွှတ်တော်အရပ်ရပ်ဟာ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုလို့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူသားအားလုံး အတွက် အကျုံးဝင်တဲ့ ဥပဒေဖြစ်တယ်လို့ ရည်ညွှန်းပြောကြားရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ပြဋ္ဌာန်းရခြင်းဟာ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေ အခန်း(၁၄)၊ အထွေထွေကဏ္ဍ ပုဒ်မ ၈၄(ခ) မှာ နာယကသည် လွှတ်တော်ရေးရာ ကိစ္စရပ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို အဲဒီ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ပြဋ္ဌာန်းရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၉၈ မှာ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်း သည်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ရှင်းလင်းဖို့တင်ပြရရင် ယခုဆွေးနွေးကြတဲ့ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းရဲ့ ဖွဲ့စည်းပုံဟာ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ မြန်မာတစ်နိုင်ငံလုံးမှာ

ကိုယ်စားပြုခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီအဖွဲ့တွေကတော့ ပြည်ထောင်စုလွှတ်တော် နာယက၊ ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥက္ကဋ္ဌများ ပါဝင်ဖွဲ့စည်းထားတဲ့ လွှတ်တော်အဖွဲ့ ဖြစ်ပါတယ်။ အဲဒီအဖွဲ့က လွှတ်တော်ဥပဒေ ရေးဆွဲပြဋ္ဌာန်း လိုက်နာပြီးတော့ ပြည်သူလူထုကောင်းကျိုးစီးပွားအတွက် လွှတ်တော်ချင်းချိတ်ဆက်ပြီး တစ်နိုင်ငံလုံး လွှမ်းခြုံကိုယ်စားပြုနိုင်တဲ့ အဖွဲ့ဖြစ်လို့ ဒီဥပဒေကို ပြဋ္ဌာန်းအတည်ပြုသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၈)၊ ပုဒ်မ ၁၈၁ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ ပါ ပြည်ထောင်စုဥပဒေ ပြုစာရင်းတွင် ဖော်ပြပါကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို ဥပဒေနဲ့အညီ လွှတ်တော်တွင် ဥပဒေကြမ်းစတင် တင်သွင်းခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁ မှာ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုမှ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေး ဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထား လို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို အခုလို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်များ ကောင်းမွန်ပါတယ်။ ဖွဲ့စည်းပုံကိုလည်း ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီ ပါတယ်။ ဒါအပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးတည်သည် ဆိုတဲ့ နိုင်ငံတော်အခြေခံမူအတိုင်း လွှတ်တော်အားလုံး တစ်နည်းအားဖြင့် ပြည်သူအားလုံးတို့ရဲ့ အာဏာတည်တဲ့ဥပဒေ ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ မှာ ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး တို့ကို လက်တွေ့ အကောင်အထည်ဖော်နိုင်မယ့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈ မှာ ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် ယခုလို အချိန်အခါကောင်းမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များအတိုင်း မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေအား အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်း ပေးနိုင်ပါရန် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပြီးမှ ဥပဒေအဖြစ် ပြုသင့်၊ မပြုသင့် ဆုံးဖြတ်သင့်ပါကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ နံပါတ်(၁) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ပြည်ထောင်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမဟုတ်ပါ။ ဖက်ဒရယ်စနစ်၏ ဒေါက်တိုင်(၅)ခုကို အခြေခံပြီး ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို လျှော့ချရေး ဦးတည် ရေးဆွဲအတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံ ဖြစ်ပါတယ်။

ထို့ကြောင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေမူကြမ်းသည် ဗဟိုဦးစီးချုပ်ကိုင်မှု၊ တစ်နည်းအားဖြင့် ပြည်ထောင်စုလွှတ်တော်မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအပေါ် စိုးမိုးမှုများရှိလာရန် ဦးတည်သည့် ဥပဒေမူကြမ်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(ခ)နှင့် ဆန့်ကျင်နေပါတယ်။ (၂) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပုဒ်မ ၁ မှ ပုဒ်မ ၄၇ အကြား ပြဋ္ဌာန်းထားသည့် နိုင်ငံတော်၏ အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်ချက်များဖြစ်သည်ဟု အတိအကျ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် နိုင်ငံတော်၏ အခြေခံမူများနှင့် ဆန့်ကျင်သည့် ဥပဒေပြဋ္ဌာန်းခြင်းမဖြစ်အောင် သတိပြုဖို့ အရေးကြီးပါတယ်။ နံပါတ်(၃) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို ဥပဒေပြုခွင့် ဇယား(၁)၊ ဇယား(၂)၊ ဇယား(၃) စသည်ဖြင့် လုပ်ပိုင်ခွင့်များ တိကျပြတ်သားစွာ ပေးထားပြီးဖြစ်ပါတယ်။ အဆိုပါအချက်များအား လွှတ်တော်အဆင့်ဆင့်ကြား Division of Labour ဖြစ်ပါတယ်။ အဆိုပါ Division of Labour doctrine or Principle ကို ပယ်ဖျက်ပြီး လွှတ်တော်အားလုံး၊ ပြည်ထောင်စုလွှတ်တော်နာယက လက်အောက်သို့ ထည့်သွင်းခြင်းဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများနှင့် ဆန့်ကျင်နေပါတယ်။ အပိုဒ် (၄) ယခုအခါမှာ တိုင်းရင်းသားများ လိုလားတောင့်တနေတဲ့ ဖက်ဒရယ်စနစ်ကို NCA မှတစ်ဆင့် နိုင်ငံရေးဆွေးနွေးမှုများကျင်းပပြီး ရရှိလာသည့်ရလဒ်များနှင့်အညီ တည်ဆောက်ရန်ကြိုးပမ်းနေချိန်မှာ ပြည်ထောင်စုလွှတ်တော် ဦးဆောင်မှုအောက်ကို ဤဥပဒေအားဖြင့်

တိုင်းရင်းသား ပြည်နယ်လွှတ်တော်များကို သွတ်သွင်းခြင်း သို့မဟုတ် ဦးဆောင်မှုခံယူစေခြင်းဟာ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်လာစေနိုင်ပါတယ်။ နံပါတ်(၅) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခွင့်ပြုထားတဲ့ ဇယား(၁)၊ ဇယား(၂)၊ ဇယား(၃)များအရ သက်ဆိုင်ရာ လွှတ်တော်အသီးသီးဟာ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများ၊ အာဆီယံလွှတ်တော်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လွှတ်တော်ဆိုင်ရာ ကျွမ်းကျင်တဲ့အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်များစသည်တို့နဲ့ လွတ်လပ်စွာ လုပ်ဆောင်ခွင့် ရှိပါတယ်။ ယခု အဆိုပြုသည့် ဥပဒေကြမ်းဟာ Federalism မှ Unitary သို့ ဦးတည်နေတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အထူးစဉ်းစားရန် လိုအပ်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေး တည်ဆောက်ရေးများ ပြုလုပ်နေတဲ့ကာလမှာ ကျွန်တော်တို့လွှတ်တော်အနေနဲ့ အဲဒီအချက်တွေကို ထည့်သွင်းစဉ်းစားပြီး အလေးအနက် စဉ်းစားသင့်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုဆွေးနွေးလိုပါတယ်။ တိုင်းရင်းသားများရော၊ အစိုးရအတွက်ရော ဒီဥပဒေထုတ်ပြန်ခြင်းဟာ အကျိုးရှိ/မရှိ သုံးသပ်သင့်ပါတယ်။ ထို့အတူ It is the right time အချိန်နဲ့ဆီလျော်ရဲ့လားလို့လဲ ကျွန်တော် အကြံပြုလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဗိုလ်မှူးဇော်ဝင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့အပိုဒ်များကတော့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း၏ အခန်း ၃၊ အပိုဒ်(၄) နှင့် အခန်း ၅၊ အပိုဒ်(၁၁) တို့ဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း၏ အခန်း ၃၊ အပိုဒ်(၄) ဖွဲ့စည်းခြင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို ထည့်သွင်းဖွဲ့စည်းထားခြင်း မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၁၉၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့အား ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆(ခ)အရ ဥပဒေပြုခွင့်အာဏာရှိသည့် အဖွဲ့အစည်းများ ဖြစ်ကြပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းသည် ဥပဒေပြုခွင့်အာဏာရှိသည့် ဥပဒေပြုအဖွဲ့အချင်းချင်းအပေါ် ခွဲခြားဆက်ဆံသည့်သဘော သက်ရောက်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်

နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟု ပြဋ္ဌာန်းထားရာ ဤဥပဒေသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နိုင်ငံသားများကို နေထိုင်ရာဒေသကိုအကြောင်းပြုပြီး ခွဲခြားလိုက်သည့်သဘော သက်ရောက်နေသည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်သဘော သက်ရောက်နေပါသဖြင့် ပြဋ္ဌာန်းရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း၏ အခန်း၅၊ အပိုဒ်(၁၁)တွင် အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညွှန်ကြားချက်များကို ဆောင်ရွက်ရမည် ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အစီရင်ခံခြင်းသည် လက်အောက်ခံအဖွဲ့က အထက်သို့ တင်ပြခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ လွှတ်တော်များတွင် အထက်၊ အောက်မရှိပါသဖြင့် လွှတ်တော်တစ်ခုက အခြားလွှတ်တော် သို့မဟုတ် အခြားအဖွဲ့အစည်းသို့ ပြန်လည်အစီရင်ခံခြင်းသည် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာရောက်စေပါတယ်။ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများသည် သက်ဆိုင်ရာလွှတ်တော်များမှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်အညီ စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယခု ပြဋ္ဌာန်းလိုသည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း၏ အပိုဒ်(၁၁)အရ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ ညွှန်ကြားချက်များကို သက်ဆိုင်ရာလွှတ်တော်အသီးသီးက ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုလွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက စီမံဆောင်ရွက်ရမည်ဖြစ်ရာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့အား တစ်ဆင့်ခံ ထိန်းချုပ်ရာရောက်နေပါသဖြင့် ပြဋ္ဌာန်းရန် မသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း ပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက် (၄)ခုဖော်ပြထားပြီး လွန်စွာ ကောင်းမွန်ပါတယ်။ သို့ရာတွင် ဖြစ်ပေါ်လာနိုင်သော Letter of Law အရ ကိစ္စများကိုသော်လည်းကောင်း၊ မမြင်ရသောအကျိုးဆက်၊ မမြင်ရသော ရည်ရွယ်ချက်များကိုသော်လည်းကောင်း သတိပြုရန်လိုအပ်ပါမယ်။ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်သက်တမ်းတွင် လွှတ်တော်အဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာဖြင့်သာ ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒုတိယအကြိမ်တွင်လည်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ (MPU) ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ ကျင်းပသော ဒုတိယအကြိမ်၊ ပြည်ထောင်စု လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေး၊ ဆဋ္ဌမနေ့တွင် စုစုပေါင်း(၁၈)ဦးဖြင့် အတည်ပြု ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး ၂/၂၀၁၇ ကို ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်(၁၀)နာရီမှာ နေပြည်တော်၊ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ကြောင်း လွှတ်တော်ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၁)တွင် တွေ့ရှိရသဖြင့် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့မှ ဥပဒေပြဋ္ဌာန်းစရာမလိုဘဲ လုပ်ငန်းများ လည်ပတ်လျက်ရှိပါတယ်။ ယခင် ပထမအကြိမ်၊ လွှတ်တော်သက်တမ်းတစ်လျှောက်လုံးတွင်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ

အောင်မြင်အောင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ယခုဥပဒေမှာ အမှန်တကယ် ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ယခုအချိန်သည် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ အခမ်းအနားများ ကျင်းပပြုလုပ်၍ တိုင်းရင်းသားညီအစ်ကိုများအားလုံးနှင့် ယုံကြည်မှုတည်ဆောက်နေတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး တောင်းဆိုနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ရာမှာ ဇဟိုချုပ်ကိုင်မှု၊ လွှမ်းမိုးမှုကို ဖြစ်စေနိုင်တဲ့ ဤမြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် မသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဗိုလ်မှူးကြီးကျော်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်။**　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်ကျော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့အပိုဒ်များကတော့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းရဲ့ အခန်း(၃) အပိုဒ် ၄ ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၄) အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များနဲ့ ဥပဒေကြမ်းတစ်ခုလုံးကို ခြုံငုံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

Power Point ဖြင့် တင်ပြရန်ခွင့်ပြုပါ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ပြည်ထောင်စုလွှတ်တော်အပါအဝင် လွှတ်တော်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၁၂(ခ)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၇၄၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁၊ ပုဒ်မ ၁၆၁ နဲ့ ပုဒ်မ ၂၇၆(ခ) တို့အရ ပေါ်ပေါက်လာတဲ့ ဥပဒေပြုအဖွဲ့များဖြစ်ကြတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်၊ အောက် အဖွဲ့များမဟုတ်ကြပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ဟာ တစ်ပြည်ထောင်စနစ်မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၈ အရ ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း အပိုဒ် ၄ မှာ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီ လွတ်လပ်စွာ ဖွဲ့စည်းထားတဲ့ လွှတ်တော်အဖွဲ့အစည်းများကို ပြည်ထောင်စုလွှတ်တော်က အထက်၊ အောက်ထားပြီး လွှတ်တော်အဖွဲ့ဟူ၍ ဖွဲ့စည်းခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နဲ့ ဆန့်ကျင်တဲ့သဘော သက်ရောက်နေကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) တို့မှာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့ကို ဥက္ကဋ္ဌနေရာနှင့် ဒုတိယဥက္ကဋ္ဌနေရာများပေးပြီး ဖွဲ့စည်းထားရှိပါတယ်။ ဒီလိုဖွဲ့စည်းခြင်းဟာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဟာ ကျန်ဥပဒေပြုအဖွဲ့များ ဖြစ်ကြတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့အပေါ် လွှတ်တော်ကြီး၊ လွှတ်တော်ငယ်ပမာ အပေါ် စီးရယူလိုက်တဲ့သဘော သက်ရောက်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(ခ) အရ ပိုင်းခြား ထားတဲ့ နိုင်ငံတော်အာဏာသုံးရပ် ခွဲဝေအပ်နှင်းခြင်းခံရပြီး လွတ်လပ်စွာဆောင်ရွက်နေတဲ့ ဥပဒေပြု အဖွဲ့များကို ဗဟိုဦးစီးစနစ်နဲ့ထိန်းချုပ်သကဲ့သို့ဖြစ်လာနိုင်တဲ့အတွက် အတည်ပြုပြဋ္ဌာန်းရန် မသင့်ပါ ကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းရဲ့ အခန်း(၄) အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ လွှတ်တော်ဆိုင်ရာဥပဒေများနဲ့ ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်း ဆိုင်ရာကိစ္စရပ်များနဲ့ စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်းဟု ပြဋ္ဌာန်းထားရှိရာ ယင်းပုဒ်မသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က) နဲ့ ၁၁(ခ)တို့ကို ဆန့်ကျင်တဲ့သဘော သက်ရောက်ကြောင်း တွေ့ရှိရပါတယ်။ ဥပဒေပြဋ္ဌာန်းခြင်းကို သက်ဆိုင်ရာလွှတ်တော်များအလိုက် သီးခြားလွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားပြီး ပြဋ္ဌာန်းရမယ့်အကြောင်းအရာများကို နောက်ဆက်တွဲ ဇယား(၁)၊ ဇယား(၂)၊ ဇယား(၃)တို့နှင့် ပြဋ္ဌာန်းထားရှိပါတယ်။ ဥပဒေပြဋ္ဌာန်းရာမှာ သက်ဆိုင်ရာလွှတ်တော်အလိုက် ဥပဒေကြမ်း များကို တင်သွင်းကြပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြကာ မဲခွဲဆုံးဖြတ် အတည်ပြု ပြဋ္ဌာန်းကြပါတယ်။

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ လွှတ်တော်များအလိုက် သီးခြားဆွေးနွေး ဆုံးဖြတ်ကြပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်မှာ လွှတ်တော်နှစ်ရပ် ပေါင်းပြီး ဆွေးနွေးဆုံးဖြတ်ကြပါတယ်။ သို့ဖြစ်၍ အဆိုပါပြဋ္ဌာန်းချက်ဟာ လွှတ်တော်များရဲ့ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ကို ထိန်းချုပ်လိုက်သကဲ့သို့ ဖြစ်စေသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကိုပါ ထိပါးရာရောက်စေပါတယ်။ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများကို သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့က လိုက်နာဆောင်ရွက်ရမှာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂(ခ) အရ လိုအပ်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်း၍ အဆုံးအဖြတ် ရယူရမှာပဲ ဖြစ်ပါတယ်။

ဥပဒေပြဋ္ဌာန်းခြင်းကို လွှတ်တော်အဖွဲ့က ဗဟိုအဖွဲ့အစည်း တစ်ရပ်ကဲ့သို့ ဖွဲ့စည်းပြီး ညှိနှိုင်း ဆောင်ရွက်ရန် မလိုအပ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု အခိုင်အမာပြဋ္ဌာန်းထားရာ ယခု ပြဋ္ဌာန်းချက်သည် ဗဟိုဦးစီးစနစ်ကို ပုံဖော်ရာရောက်နေသဖြင့် ပြဋ္ဌာန်းရန်မသင့်ကြောင်း တင်ပြအပ် ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယခုအချိန်အခါသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံးနှင့် စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများဖော်ဆောင်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ကျင်းပပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ တိုင်းရင်းသားများနဲ့ ယုံကြည်မှုတည်ဆောက်လျက်ရှိရာ တိုင်းရင်းသားအဖွဲ့(၈)ဖွဲ့သည် NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး (၂)နှစ်ပြည့်အခမ်းအနားကိုပင် နေပြည်တော်မှာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အခုလိုအချိန်အခါမျိုးမှာ ဗဟိုချုပ်ကိုင်လိုတဲ့ ဥပဒေများပြဌာန်းခြင်းဟာ လွှတ်တော်များနဲ့ အစိုးရရဲ့ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ ဒေသခံပြည်သူများက ယုံကြည်မှုလျော့နည်းလာနိုင်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယုံကြည်မှုလျော့နည်းလာနိုင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုပါ သက်ရောက်မှုရှိလာနိုင်ခြင်းတို့ကြောင့် ယခုလိုအချိန်ကာလတွင် ဤဥပဒေကို ပြဌာန်းရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ထမင်းစားခန်းမမှာ မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးက ကျင်းပပြုလုပ်မယ့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို တင်ပြမည့် ဆွေးနွေးပွဲအခမ်းအနားကို နေ့လယ် ၁၂း၃၀ အစား ညနေ ၃း၀၀ နာရီမှာ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]